ရှင်ဆုံးဖြတ်ပြီးမှ ကျွန်မကို တိုင်ပင်တာလား။ လုပ်သင့်သလားလို့ ဆွေးနွေးညှိနှိုင်းကြည့်နေတာလား”

“အားလုံး စီစဉ်ပြီးနေပြီဆိုတာ အသိပေးတာ”

“ဘာ ရှင်လုပ်မယ့် စီးပွားရေး က ဘာလုပ်ငန်းမို့ ဒီအိမ်ကိုတောင် ရောင်းပြီး ရင်းနှီးရမှာ လဲ ကိုပိုင်ရဲ့ ”

“အဆိုတော် တစ်ယောက် ကို စီးရီးထုတ်ပေးမှာ ၊ တစ်ခွေနဲ့မပေါက်ရင် နောက်တစ်ခွေထပ်ထုတ် မယ်။ အောင်မြင်တဲ့အထိ လုပ်သွားမှာ အကျိုး အမြတ်ရရင် ဒီမိသားစုပဲ ခံစားကြမှာ မဟုတ်ဘူးလား”

“အမလေး သဲထဲရေသွန်လိုက်တာကမှ ဖွက်အိုင်ကျန်ပါဦးမယ်။ မသေချာတာ မ ဖြစ်နိုင်တာ ကြီးကို မိသားစုတွေ အရိပ်ခိုနေတဲ့ အိမ်ကိုရောင်းပြီး အရင်းအနှီး လုပ်စရာလိုသလား။ အဲဒီ မိန်းမက ဘယ်သူ ဖြစ်နိုင်လဲ၊ ဘယ်ကလဲဆိုတာ ကျွန်မ သိနေတယ်နော်”

“ဟား”

ဦးကျော်ပိုင် “ဟား”ခနဲအော်ကာ စီးကရက်တစ်လိပ်ကို မီးညှိ သောက်၍ ဒေါ်မေသက်နိုင်ကို စိမ်းနေအောင် ကြည့်သည်။

“မင်းသိနေတယ်ဆိုရင် ဘာလို့ လေကုန်ခံပြီး ငါ့ကိုဝေဖန်နေတာလဲ မေသက်။ မင်းတို့ကို ငါ တစ်သက်လုံး ရှာကျွေးလာခဲ့တာ၊ မျက်နှာငယ်ခဲ့ရဖူးလို့လား”

“အသံကောင်း ဟစ်မပြပါနဲ့ ကိုပိုင်၊ ရှင် ကျွန်မတို့ မိသားစုလေးကို ဂရုမစိုက်တော့တာ သားငယ် တစ်သက်ရှိနေပါပြီ။ ရှင့်အပေါင်းအသင်း မိတ်ဆွေတွေ ကြားမှာ ပိုလီယို ဖြစ်နေတဲ့ သားငယ် လေးကို မွေးပေးခဲ့လို့ ရှက်လှချည်ရဲ့ ဆိုပြီး ရှင်လုပ်ချင်ရာတွေ လုပ်နေတော့တာ မဟုတ်ဘူးလား။ အဲဒီ သားငယ်လေးမှာ အပြစ်ရှိသလား။ မွေးခဲ့တဲ့ ကျွန်မမှာ ကော အပြစ်ရှိသလား။ အတိတ်ဘဝက ကံအကြောင်းတရား မကောင်းခဲ့လို့ ဒီလို

ဖြစ်ရတာ ပါ။ သားငယ်ကရော သူ့ကိုယ်သူ ဒုက္ခိတဘဝ ရောက်ချင်ပါ့မလား ကိုပိုင်ရဲ့ ”

“တော် ပြီ တော် ပြီ မေသက် ငါ့ဘာမှမကြားချင်တော့ဘူး။ ငါဘာလုပ်လုပ် ပိတ်ပင်တားဆီးဖို့ မကြိုး စားပါနဲ့ ဝေဖန်တာမျိုး မလုပ်ပါနဲ့”

“မပြောလို့ ဖြစ်မလား ကိုပိုင်ရဲ့ ၊ သေရေး ရှင်ရေး တမျှ အရေး ကြီးနေတာ၊ ဒီအိမ်ကိစ္စက လွဲရင် ရှင်ဘာလုပ်လုပ် ဘယ်လိုနေနေ ကျွန်မ ဘာမှ မပြောဘူး။ သားသမီးတွေ မျက်နှာငယ်အောင် လူ့အောက်ကျအောင်။ ဒီတစ်ခုလေးကိုတော့ ရှင့်ဘက်က ညှာတာထောက်ထားပေးပါ”

“မေသက် တောက် ဒီမိန်းမ တော် တော့လို့ ပြောနေတာ နားမလည်ဘူး။ အိမ်ကို အဲလို ပူညံ့ ပူညံ့တွေ ကြောင့် ပြန်မလာချင်တာ သိပြီလား”

ဒေါ်မေသက်ကို ဆောင့်တွန်းကာကုတ်အင်္ကျီပြန်ဝတ်ပြီးဦးကျော်ပိုင် ထွက်သွားသည်။ မျက် ရည်တွေ နဲ့ လဲပြိုကာ ကျန်ခဲ့သည့် ဒေါ်မေသက်ကို ငုံ့၍ တောင် ပြန်မကြည့်။

ထိုအ ဖြစ်ကို မျက်နှာငယ်လေးတွေ နှင့် ချောင်းကြည့်နေကြသည့် မောင်နှမသုံးယောက် ပြေး ထွက်လာကာ ဒေါ်မေသက်အနား ဝိုင်းအုံထိုင်လိုက်ကြသည်။

“မေမေ”

“မေမေ ဘာ ဖြစ်သွားသေးလဲ”

“မေမေ ဘာမှမ ဖြစ်ပါဘူးကွယ်၊ သားတို့ သမီးတို့ စိတ်မကောင်းမ ဖြစ်ကြနဲ့နော်၊ ဖေဖေက အရက်သောက်လာတဲ့ အချိန်ဆို အဲလိုပဲ သွေးဆိုးတတ်တာ သိရဲ့ သားနဲ့ မေမေက နားမလည်ဘဲ မဆင်မခြင် ပြောမိလို့ပါ”

သားသမီးတွေ ကို ဖက်တွယ်ကာ ဒေါ်မေသက် လေအေးလေးနှင့် ဟန်ဆောင်ကာ နှစ် သိမ့်မိ သည်။ ယိမ်းနွဲ့ မေမေ့ဒုက္ခတွေ ကို စာနာကာ မျက်ရည်ကျမိ၏ ။

“အသားအနာခံပြီး သမီးတို့အတွက် ရပ်တည်ပေးမနေပါနဲ့ မေမေရယ်၊ ဖေဖေက

ခုတော့ မသန်စွမ်းတဲ့ ခြေတစ်ဖက်ကြောင့် စိတ်ရှိတိုင်း လုပ်လို့မရ။ မမယိမ်းကို အနည်းငယ်သာ ကူညီပေးနိုင်သည်။

သူနိုင်တဲ့ဝန်က ဘာတွေ လဲ။ သူဘာလုပ်ရင် ကောင်းမလဲ။ ဒီအတိုင်းကြီး မမယိမ်း ပင်ပန်း တကြီး ရှာဖွေကျွေးမွေးသမျှ သက်တောင့်သက်သာ ထိုင်မစားချင်။

နည်းနည်း လေး ဖြစ် ဖြစ် အထောက်အကူပေးနိုင်တဲ့ လူ တစ်ယောက် ဖြစ်ချင်ပါသည်။

အခန်း (၉)

"မျက်နှာကြီးက ဘာ ဖြစ်လာတာလဲ အမင်း"

"အိမ်တွင်း ရေး လမ်းကြောင်းကို စိတ်တိုင်းမကျလို့ပါ၊ ကိုယ့်ဘဝမှာ ပုံ့ပုံ့သာ မရှိဘူးဆိုရင် အဝေးကြီးကို ထွက်သွားလိုက်ပြီ"

"ဟင်း ဟင်း အဲဒါဆိုလည်း ပုံ့ပုံ့နဲ့ တွေ ့နေပြီဆိုရင် မျက်နှာကြီးကို ပြင်တော့လေ၊ မြင်ရတာ မလန်းဘူးကွာ"

အမင်းမျက်နှာကြီးက ပြုံး ဖြဲသွားကာ ပုံ့ပုံ့ နဖူးလေးကို မထိတထိ နမ်းလိုက်၏ ။

"ကိုယ်တကယ် ပုံ့ပုံ့နဲ့တွေ ့မှ စိတ်ချမ်းသာတယ်၊ အိမ်မှာ နေရတာ အရမ်းကျို ုင်ပူတယ်ကွာ၊ မမရော အလင်းရော ဘာစိတ်ကူးတွေ ပေါက်ပြီး ဘာတွေ လုပ်နေကြမှန်း မသိဘူး"

"မုန့်ဟင်းခါးရောင် းမယ်ဆို၊ နေ့လည်မှာ ရွှေရင်အေး မုန့်လက်ဆောင်း ရောင် းမယ်တဲ့ ဟုတ်လား"

"ဟင် ပုံ့ပုံ့ ဘယ်လိုလုပ်သိတာလဲ"

"ရပ်ကွက်ထဲက လူတွေ က အမင်းတို့ မောင်နှမတစ်တွေ ရဲ့ ဘဝအပြောင်းအလဲကို စုတ်တသပ်သပ် စိတ်ဝင်စားနေကြတာပဲ၊ သနားလို့ အားပေးချင်တဲ့သူတွေ လည်း ရှိတယ်၊ အမင်း အဖေကို အမြင်ကပ်ပြီး

